၃၃ ကြိမ်မြောက်တနင်္ဂနွေ ၂၀၂၃

မာတေဦး ၂၅း၁၄−၃၀

ဧဝံဂေလိကျမ်းရဲ့ပုံဥပမာထဲမှာ အလုပ်ရှင်ဟာ အစေခံသုံးဦးဆီသို့ တဦးစီတိုင်း သူမရှိတဲ့အချိန်မှာ အလုပ်လုပ်ဘို့ စီမံခန့်ခွဲဘို့ တာဝန်ပေးအပ်ခဲ့ပါတယ်။ တူညီတဲ့ငွေအရင်းအနှီးကိုတော့ မပေးခဲ့ပါဘူး။ ဒါဘာကိုပြောချင်သလဲဆိုရင် မတူညီတဲ့ သီးခြားအရည်အချင်း ကိုပေးခဲ့တယ်လို့ ဒီကနေ့စကားနဲ့ ကျွန်ုပ်တို့ပြောလို့ရပါတယ်။ မတူညီတဲ့ကျေးဇူးတော် မတူညီတဲ့အရည်အချင်းကိုပေးခဲ့လို့ မတူညီတဲ့ အကျိုးအမြတ်နဲ့ ပြန်လည်တုံ့ပြန်မှုကိုတော့ အလုပ်ရှင်ဘက်ကမျှော်လင့်ခဲ့ပါတယ်။

ပထမနှစ်ဦးဖြစ်တဲ့ ငွေ ၅ တာလင် နဲ့ ငွေ ၂ တာလင် ရရှိခဲ့တဲ့လူတွေက နောက်ထပ်တစ်ဆကိုရရှိအောင် လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ တတိယနဲ့ အရင်းအနှီးငွေပမာဏအနည်းဆုံးရရှိတဲ့လူကျတော့ သွား၍တွင်းတူးပြီး မြေကြီးအောက်မှာ သူ့ရဲ့အလုပ်ရှင်ရဲ့ငွေကို ဝှက်ထားခဲ့ပါတယ်။

ဘုရားသားသမီး၊ ခရစ်ယာန်တဦးအနေနဲ့ အကျိုးအမြတ်တစုံတရာဆီကို ဦးတည်နေရမယ် ဆိုတာကိုသင်ကြားပါတယ်။ ဒီနေရာမှာ နေ့စဉ်စီးပွားရေးလုပ်ငန်းနဲ့ဆက်နွယ်တဲ့အလုပ်နဲ့ အကျိုးအမြတ်ကို ပြောတာမဟုတ်ပါဘူး။ မြေကြီးအောက်မှာသွားပြီး ပိုက်ဆံကိုသွားမြှုပ်နှံလိုက်တယ်ဆိုတာ သူတဦးတည်းအတွက်သာလျှင်ထိန်းသိမ်းထားပြီး သူ့ရဲ့ကြိုးပမ်းအားထုတ်မှုကြောင့် သူ့တပါးတွေလဲ အကျိုးအမြတ်ခံစားရမယ်ဆိုတာကို လစ်လျူရှုလိုက်တဲ့အပြစ်ကို ကျူးလွန်ခြင်းဖြစ်ပါတယ်။

အချိန်တချို့ကြာပြီးနောက်− ဘာပြောချင်သလဲဆိုရင် သခင်ဘုရားရဲ့ရှင်ပြန်ထမြောက်ခြင်းနဲ့ နောက်တဖန်ကြွလာတော်မူခြင်းအချိန် ကြားကာလဖြစ်ပါတယ်။ အလုပ်ရှင်ဟာ သူ့ရဲ့အလုပ်သမားတွေဆီက အကျိုးအမြတ်တွေကို စစ်ဆေးဘို့အတွက် ပြန်ကြွလာမှာဖြစ်ပါတယ်။

ပေးလိုက်တဲ့အရင်းအနှီးရဲ့ နောက်ထပ်တစ်ဆကို ရရှိအောင် လုပ်ဆောင်နိုင်ခဲ့တဲ့ အစောပိုင်းလူနှစ်ဦးကို လွန်စွာပင် သဘောကျနှစ်သက်တော်မူခဲ့ပါတယ်။ အကြောင်းက သူတို့ဟာ သူတပါး အထူးသဖြင့်အလုပ်ရှင် ယုံကြည်စိတ်ချရလောက်အောင်နဲ့ ပေးအပ်တဲ့သေးငယ်သောအရာများအပေါ်မှာ သစ္စာရှိစွာနဲ့ စိတ်ပါကိုယ်ရောက် လုပ်ဆောင်ခဲ့တဲ့အတွက် အခုအချိန်မှာ ပိုပြီးတော့ ကြီးမား များပြားတဲ့အမှုအရာများကို စိတ်ချယုံကြည်စွာ အပ်နှံခြင်းခံခဲ့ကြရပါတယ်။ သူတို့သခင်ရဲ့ ဝမ်းမြောက်ပျော်ရွှင်ခြင်း တနည်းအားဖြင့် ကောင်းကင်နိုင်ငံတော်မှာ ပါဝင်ခွင့် ရရှိခဲ့ကြပါတယ်။

တတိယလူကျတော့ သခင်ရှေ့ကိုလာရောက်ပြီး သူမှာသိမ်းထားတဲ့ တခုတည်းသော တာလင့်ကို ပြန်ပေးခဲ့ပါတယ်။ ကြောက်ကြောက်ရွံ့ရွံ့နဲ့ပြောလိုက်တာက– ( သခင်သည် ခက်ထန်သောသူဖြစ်သည်နှင့်အညီ မိမိမစိုက်ပျိုးသောအရပ်၌ရိတ်သိမ်းတတ်ပြီး မိမိမကြဲသောအရပ်၌ စုသိမ်းတတ်ကြောင်းကို အကျွန်ုပ်သိသဖြင့် –ကြောက်သောကြောင့် သခင်၏ငွေအချိန် တတာလင်ကို မြေကြီးထဲ၌ဝှက်ထားပါသည်။ ကြည့်ပါ သခင်၏ငွေရှိပါသည်) ဟုဆိုလေ၏။

အလုပ်ရှင်ကလွန်စွာပင်ဒေါသအမျက်ထွက်ခဲ့ပါတယ်။ အနည်းဆုံး အကျိုးအမြတ်ရအောင် တခုခုတော့လုပ်သင့်ခဲ့ပါတယ်။ အခုတော့ အစကနဦးကလိုဘဲ ဘာတခုမှမဖြစ်လာခဲ့ပါဘူး။ ဒီနေရာမှာ အသီးမသီးတဲ့စပျစ်ပင်ဟာ ခုတ်ဖြတ်ခြင်းခံရပြီး မီးထဲကိုပစ်ချခြင်းခံရတဲ့ ပုံဥပမာကိုလည်း ပြန်လည်သတိရစေပါတယ်။ ခရစ်ယာန်တဦးတယောက်ဟာ သူ့ဟာနဲ့သူ ဘုရားတရားကြည်ညိုခြင်းရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့ သာသနာ့အဖွဲ့အစည်းကိုသော်လည်းကောင်း၊ ဧဝံဂေလိတရားတော်ရဲ့တောင်းဆိုချက်အတိုင်း လောကကမ္ဘာဆီကို ဘာတခုမှ သက်သေခံခြင်းမပြုခဲ့တာလဲ ဖြစ်နိုင်ပါတယ်။ တချို့သောသက်သေခံခြင်းများလည်း အန္တရာယ်အမျိုးမျိုးကြားထဲမှာ ဖြစ်တတ်ပါတယ်။

ကျွန်ုပ်တို့အတွက်သင်ခန်းစာများ–

(၁) ဘုရားသခင်ဟာ လူတိုင်းလူတိုင်းကို မတူညီတဲ့ကျေးဇူးတော်များနဲ့ အသက်ရှင်ခွင့်ပေးထားပါတယ်။ ကျွန်ုပ်တို့ဟာ မိမိတို့ကိုယ်ကိုမိမိတို့ သူတပါးနဲ့နှိုင်းယှဉ်ချင်တဲ့ သဘောသဘာဝရှိတတ်ကြပါတယ်။ ကျွန်ုပ်တို့ ဘယ်လိုသောကျေးဇူးတော်များ နဲ့ ဘုရားရဲ့ကျေးဇူးတော် ဘယ်လောက်ဘယ်လောက် နဲတယ်များတယ် ဆိုတာမျိုးထက်– ရှိနေတဲ့ဘုရားရဲ့ကျေးဇူးတော်များကို အပြည့်အဝအသုံးချဘို့က အရေးကြီးတယ်။ ကျွန်ုပ်တို့ရဲ့ အရည်အသွေးများကို လူ့အသိုင်းအဝိုင်းရဲ့ကောင်းကျိုးအတွက် အသုံးပြုကြရမှာဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ထိုကဲ့သို့လုပ်ကြမယ်ဆိုရင် လူ့အသိုင်းအဝိုင်းဟာ ပိုပြီးပြည့်ဝစုံလင်လာမှာ ဖြစ်ပါတယ်။

(၂) ကျွန်ုပ်တို့ရဲ့လုပ်ရမဲ့ လုပ်ငန်းတာဝန်တွေဟာ ပြီးဆုံးတယ်ဆိုတာ ဘယ်တော့မှမရှိပါဘူး။ ပထမအစေခံနှစ်ဦးက ဘယ်လိုဘယ်ပုံအကျိုးအမြတ်တွေရလာကြောင်းကို ပြသတဲ့အခါ၊ သူတို့တွေတာဝန်ကြေပြီး၊ ထိုင်နားလို့ရပြီး၊ ဘာမှလုပ်စရာမလိုတော့ဘူးဆိုပြီး သူတို့ကို အလုပ်ရှင်ကမပြောပါဘူး။ သူတို့ကိုယုံကြည်စိတ်ချရလောက်တဲ့ အနေအထားကိုတွေ့ရတဲ့အခါ ပိုပြီးတော့ကြီးမားတဲ့တာဝန်တွေကိုတောင်မှ ပေးအပ်ခြင်းခံရတာကို တွေ့ရပါတယ်။

ရှိတဲ့သူကို ပိုပြီးထပ်ပေးမည်။ ပိုလျှံစွာသူတို့မှာရှိလိမ့်မည်။

(၃) အပြစ်ပေးခံရတဲ့သူက ဘာတခုမှမလုပ်တဲ့သူဖြစ်ပါတယ်။ ပိုက်ဆံတပြားထဲရှိတဲ့သူက အဲဒီပိုက်ဆံကို မပျောက်ဆုံးသွားစေခဲ့ပါဘူး။ ဒါပေမဲ့အဲဒီပိုက်ဆံနဲ့သူဘာမှမလုပ်ပါဘူး။ သူတခုခုကြိုးစားလုပ်ဆောင်ပြီး နောက်တော့မအောင်မြင်ခဲ့ရင်တောင် သူဟာ သနားခြင်းခံရမယ်၊ အပြစ်ခွင့်လွှတ်ခြင်းခံရမယ် ဆိုတာရှိပါတယ်။ အလုပ်ရှင်ရဲ့ပုံပန်းသဏ္ဍာန်က ကြမ်းတမ်းခက်ထန်တဲ့ရုပ်သွင်မျိုး ပေါ်လွင်ပါတယ်။ ဒါကဘာကိုသတိပေးနေသလဲဆိုရင်၊ မကောင်းတဲ့အပြုအမူ

(လုပ်ဆောင်မှုများ) ထိုက်သင့်တဲ့ဒဏ်ခံရနိုင်သလို၊
ကောင်းတဲ့လုပ်ဆောင်ချက်တခုမှာ မရှိတဲ့သူ (ပြစ်ရာဘာတခုမှမရှိတဲ့သူ)
တွေဟာလဲ ဆုံးရှုံးမှုနဲ့ရင်ဆိုင်ရမယ်ဆိုတာဘဲ ဖြစ်ပါတယ်။
ကျွန်ုပ်ဘာအမှားအယွင်းတခုမှ မလုပ်မိပါဘူးဆိုပြီး ပြောလို့မရပါဘူး။

(၇) ရှိတဲ့သူကို ထပ်၍ပေးဦးမည်။ မရှိတဲ့သူများအတွက်
မိမိတို့ရှိတဲ့အရာကိုတောင် သိမ်းယူလိမ့်မည်။ –
မတရားဘူးလို့မြင်ကောင်းမြင်မိမှာဖြစ်ပါတယ်။ ဆင်းရဲသားထံမှာလုယူပြီး
လူကုံတန်သူဌေးကိုသွားပြီးပေးလိုက်ခြင်းမျိုးလို့ မြင်နိုင်ပါတယ်။ ဒါပေမဲ့
ပြောချင်တာက–မိမိတို့ရရှိထားတဲ့ကျေးဇူးတော်များကို
သူတပါးအတွက်ရက်ရက်ရောရောနဲ့ ပေးဝေတဲ့အခါ သူတို့ကိုယ်တိုင်ကလဲ
ပို၍ ပို၍ ပြည့်စုံကြွယ်ဝလာတာကို ပြန်လည်တွေ့မြင်နိုင်ပါတယ်။
သဝန်တိုခြင်းကြီးမားစွာနဲ့ ရရှိခဲ့တဲ့ကျေးဇူးတော်များကို
ထိန်ဝှက်ထိန်းသိမ်းထားခြင်းဟာ ပိုပြီးကျေးဇူးတော်တံခါးများကို
ပိတ်ဆို့လိုက်တာနဲ့တူကြောင်း တွေ့ရပါတယ်။
မိမိတို့ရဲ့အသက်ကိုရှာသောသူတို့ အသက်ကိုဆုံးရှုံးလိမ့်မည်။
မိမိတို့မှာရှိတဲ့အရာကို သူတပါးအား ရက်ရောစွာ ဝေငှသောသူတို့သည်
တိုင်းတာလို့မရလောက်အောင် မိမိတို့၌ကြွယ်ဝမှုရှိလာတာကို
တွေ့မြင်ခံစားလာရမှာ ဖြစ်ပါတယ်။ ဒါဟာ ဧဝံဂေလိတရားတော်ရဲ့
ဥပဒေဖြစ်ပါတယ်။ များစွာသော ကျွန်ုပ်တို့အတွက် ယုံကြည်ဘို့ခက်တဲ့
လူ့ဘဝရဲ့တရားဥပဒေတခုဖြစ်ပါတယ်။

သာသနာ့နယ်ပယ်အတွင်းမှာ ကျွန်ုပ်တို့မှာရှိတဲ့ဘုရားရဲ့ကျေးဇူးတော်ဖြစ်တဲ့
အရည်အချင်းများကို အသုံးပြုကြပါစို့။ ကျွန်ုပ်တို့ရဲ့အိမ်နဲ့ မိသားစုအတွက်အပြင်
အကောင်းဆုံးသော အစေခံခြင်းနေရာကတော့
ကျွန်ုပ်တို့ရဲ့သာသနာအုပ်စုအတွင်းမှာ ဖြစ်ပါတယ်။
ဝတ်ပြုကိုးကွယ်ခြင်းမှာသော်လည်းကောင်း၊ သာသနာ့လုပ်ငန်းအမျိုးမျိုးဖြစ်တဲ့
ကျမ်းစာတော်ဖတ်ရှုခြင်း၊ တနင်္ဂနွေမှာ ကလေးများကို

ဘုရားတရားတရားအကြောင်းသင်ကြားပေးခြင်း၊ သီချင်းများပါဝင်သီဆိုခြင်း၊
လိုအပ်တဲ့နေရာတွေမှာလုပ်အားပေးခြင်း၊ သာသနာ့အတွင်း
အဖွဲ့အစည်းတခုထက်ပိုပြီးပါဝင်လုပ်ဆောင်ခြင်းအားဖြင့်
ကျွန်ုပ်တို့မှာရှိတဲ့ကျေးဇူးတော်ကို ဘုန်းတော်ဂုဏ်တော်နှင့်
ကျွန်ုပ်တို့ရဲ့ကယ်တင်ခြင်းအတွက် အသုံးပြုသွားကြပါစို့။